မိတ္ထီလာကျေးရွာ
အုပ်ပုံကျေးရွာအုပ်စု၊ ဝက်လက်မြို့
စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၈ခု (၆)လ ဘဏ္ဍာရေးနှစ်
ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မိတ္ထီလာကျေးရွာ၊ ဝက်လက်မြို့နယ်

မာတိကာ

၁။ တည်နေရာနှင့်ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) - ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

၁။ တည်နေရာနှင့်ပထဝီအနေအထား

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ အုပ်ပုံကျေးရွာအုပ်စု၊မိတ္ထီလာ ကျေးရွာသည် ရွှေဘို-မန္တလေး အဝေးပြေးကားလမ်းမကြီး၏ အနောက်ဘက် စိုင်နိုင်လေးကျေးရွာမှ ၂ မိုင် ၂ ဖာလုံ အကွာအဝေးတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီးမိုးတွင်းကာလတွင် ချောင်း-မြောင်းများ ရေနုတ်နည်းမှုကြောင့် ကျေးရွာအနိမ့်ပိုင်း လယ်ကွင်းများ ရံဖန်ရံခါ ရေလွှမ်းမိုးမှု ခံရတက်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ(၄၅)ခန့် ရရှိပါသည်။ သဘာဝပေါက်ပင်များမှာ ကုက္ကိုပင်၊ အဝေရာပင်၊ တမာပင်၊ ထနောင်းပင်၊ သရက်ပင်၊ မန်ကျည်းပင် စသောအပင်များ ပေါက်ရောက်ပါသည်။ မိုးစပါးသီးနှံစိုက်ပျိုးနိုင်သော လယ်(၇၆၂)ဧက ရှိပါသည်။ မိုး/နွေစပါး၊ နွေပဲတီ၊ နွေနှမ်းစိုက်ပျိုးရန် ရေကို သဖန်းဆိပ်ဆည်မှ ပေးဝေသော ရေကို အဓိကထားလုပ်ကိုင်ပြီး အရံအနေဖြင့် အဝီစိစက်စုပ်တွင်းများဖြင့် အသုံးပြုလုပ်ကိုင်ပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်းများ၊ ကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသမီး/သား လူငယ်အဖွဲ့၊ ချက်ပြုတ်ရေးအဖွဲ့၊ ဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့၊ ကျေးရွာအရံ မီးသတ်တပ်ဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ လူမှုကူညီရေးအဖွဲ့တို့ ဖြစ်ပါသည်။ ကျေးရွာလူငယ်မီးသတ်အဖွဲ့သည် နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ပါသည်။ ကျေးရွာတွင် သာရေးနာရေး၊ လူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်များရှိပါသည်။ ပြင်ပမှ အဖွဲ့အစည်းမှလည်းကောင်း၊ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးဖွဲ့စည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထား၍ ဖွဲ့စည်းထားခြင်းမရှိပါ။ ခြုံငုံသုံးသပ်ရလျှင် ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိသော်လည်း ကျေးရွာ၏ သာရေး၊နာရေး ကိစ္စရပ်များကို မိရိုးဖလာ

ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှ အားကောင်းတက်ကြွစွာ ဆောင်ရွက်ကြပါသည်။

၂

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။မိုးရွာသီတွင် နှစ်စဉ်မိုးစပါးစိုက်ပျိုးနိုင်ကြပါသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါးတွင် ရွှေဘိုပေါဆန်းမွေးစပါးသီးနှံဖြစ်ပါသည်။ နွေရာသီတွင်နွေစပါး၊ ပဲတီ၊ နှမ်းစသည်ဖြင့် စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် မိုးစပါးစိုက်ပျိုးမြေ(၇၆၂)ဧက စိုက်ပျိုးနိုင်ပါသည်။ ယာ၊ ဥယျာဉ်ခြံမြေမရှိသောကြောင့် သစ်သီး၊ ပန်းမာလ်လာ စိုက်ပျိုးထွက်ရှိမှု မရှိပါ။ နှစ်စဉ်ကျေးရွာမှ မိုးစပါးတင်းရေ(၅၇၁၅၀)ခန့် ထွက်ရှိပါသည်။ သဖန်းဆိပ်ဆည်ရေဖြင့် အဓိကထား၍ နွေစပါး၊ နွေပဲတီ၊ နွေနှမ်းကို မတ်လမှစ၍ ရေသွင်းစိုက်ပျိုးကြပါသည်။ ဂျူလိုင်လတွင် စတင်ရိပ်သိမ်းပါသည်။ နွေစပါး(၁)ဧက ထွက်နှုန်းမှာ (၁၁၀)ခန့် ထွက်ရှိပါသည်။ နွေပဲတီ(၁)ဧက ထွက်နှုန်းမှ (၁၅)တင်းခန့် ထွက်ပါသည်။ နွေနှမ်း(၁)ဧက ထွက်နှုန်းမှာ (၁၀)တင်းခန့်ဖြစ်ပါသည်။ မိရိုးဖလာ စိုက်ပျိုးလာသော သီးနှံများကိုသာ စိုက်ပျိုးသဖြင့် အခြားဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိပါ။ လက်ရှိလုပ်ကိုင်သော သီးနှံများမှာလည်း ဈေးနှုန်းမတည်ငြိမ်မှု၊ မိုးလေဝသမမှန်ကန်မှု၊ ပိုးမွှားအန္တရာယ်ကျရောက်မှုတို့ကြောင့် အမြတ်အစွန်းကျန်ရှိမှုနည်းခြင်းကြောင့် အားလပ်သောအချိန်များတွင် တစ်ခြားအရပ်သို့သွား၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် လုပ်သားရှားပါးလာပါသည်။ အခြားမွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့်ကျေးရွာမှအိမ်ထောင်စုအချို့သည် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ကိုင်မှုကို အနည်းငယ်သာလုပ်ကိုင်ကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေကို ကိုယ်ပိုင်လက်လုပ်အဝိစိတွင်းများတူးဖော်သုံးစွဲကြပါသည်။ ကိုယ်ပိုင်တူးဖော်အသုံးမပြုနိုင်သော အိမ်ထောင်စုမှာ အနည်းငယ်မျှသာရှိပါသည်။ ကျေးရွာတွင် မူလတန်းကို ၁၉၇၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၇ခုနှစ်တွင် မူလတန်းလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါ

သည်။ ကျေးရွာကျန်းမာရေးစောင့်ရှောက်မှုမှာ(၆)မိုင်ခန့်ဝေးသော မင်းကျီတိုက်နယ် ဆေးရုံနှင့် (၈)မိုင်ခန့်ဝေးသော ရွှေဘိုပြည်သူ့ဆေးရုံတို့ကို အမှီသဟဲပြုနေရပါသည်။ ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုဆေးပေးခန်းမရှိပါ။ ကျေးရွာမီးလင်းရေးကို မီးလင်းရေးကော်မတီဖွဲ့စည်း၍ (၁၉၉၅)ခုနှစ်တွင် မီးသုံးစွဲသူ(၄၈)ဦး ကျေးရွာမှ အများပြည်သူကူညီထောက်ပံ့မှုဖြင့် မီးစတင်သုံးစွဲနိုင်ခဲ့ပါသည်။ ယခုအခါ လျှပ်စစ်မီးသုံးစွဲလိုသူများပြားလာသည့်အတွက်ဓါတ်အားနိုင်နင်းမှုရှိစေရန်လက်ရှိထရန်စဖော်မာ (50) KVA မှ (200) KVA အဆင့်သို့ တိုးမြှင့်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ မူလွန်ကျောင်းဆောင် အဆင့်မမှီသည့်အတွက် အဆင့်မှီကျောင်းဆောင်တည်ဆောက်ပေးရန် တင်ပြထားပါသည်။

၃

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများလိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ (၁)ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ အခြားအသေးစားချေးငွေဝန်ဆောင်မှုများလည်း မရှိပါ။ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေဝန်ဆောင်မှုများ လိုအပ်ပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည်အသင့်အတင့်သာရှိကြောင်းတွေ့ရှိရပါသည်။ ရွာသူ/သားအများစုသည် အခြေခံအရေး၊ အဖတ် ၊ အတွက်တို့ကို တက်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရပြီး အစိုးရဝန်ထမ်းလုပ်ဆောင်နေသည့် ဝန်ထမ်းများလည်းရှိပါသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု သင်တန်းများလက်လှမ်းမမှီမှုကြောင့် လူငယ်များမှ အသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များ ပံ့ပိုးဆောင်ရွက်နိုင်မည်ဆိုပါက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါးပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များသွေးလွန်တုပ်ကွေးဖြစ်ပွားတက်ပြီး လူကြီးများတွင်လည်း မိုးရာသီတွင် တစ်ခါတစ်ရံ ဖျားနာလေ့ရှိပါသည်။ ကလေးများ အာဟာရချို့တဲ့မှု မရှိသလောက်နည်းပါးပါသည်။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် ၂ မိုင် ၁ ဖာလုံခန့် ဝေး

သော ကျွဲငင်းကျေးရွာ ကျေးလက်ဆေးပေးခန်းမှ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိပါသည်။ ဆေးပေးခန်းတွင် ကျန်းမာရေးဝန်ထမ်း(၂)ဦးရှိပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်ရေး ဝန်ဆောင်မှုများရရှိပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို သက်ဆိုင်ရာ ကျန်းမာရေးဌာနမှ လစဉ်၊ နှစ်စဉ် ဆောင်ရွက်လျှက်ရှိပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေဩဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ် မထည့်သွင်းနိုင်ခြင်းကြောင့် မြေဆီလွှာပျက်ယွင်းမှုများ ကြုံတွေ့နေရသည်။ နွေသီးနှံ၊ ပဲတီစိမ်း၊ နှမ်းခင်းများတွင် ဓာတုပိုးသတ်ဆေးများအသုံးပြုခြင်းများလာသောကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိပါသည်။ပိုးသတ်ဆေးများအသုံးပြုရာတွင်ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက် သဘာဝမြေဩဇာများနှင့် ဓါတုပိုးသတ်ဆေးများကို

လိုအပ်မှသာ အသုံးပြုရန် သဘာဝပတ်ဝန်းကျင်ဘေးကင်းလုံခြုံမှုရှိစေရန်လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းအားနည်းသေးကြောင်းတွေ့ရှိရပါသည်။ ချောင်းမြောင်းများတိမ်ကောလာသောကြောင့် မိုးရာသီမိုးရက်စက်ရွာသွန်းလျှင် စပါးခင်းများ ရေနစ်မြုပ်ခံရသောကြောင့် အချို့တောင်သူများ၏ စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် ထင်းအစား အခြားလောင်စာများအသုံးပြုရန်နှင့် သစ်ပင်သစ်တောများမပြုန်းတီးရန် သက်ဆိုင်ရာဌာနမှ ပညာပေးစည်းရုံးဟောပြောမှုများ ဆောင်ရွက်ပြီးဖြစ်ပါသည်။

(ဇ) ကျား-မ ရေးရာ

ကျား-မ ဆိုင်ရာအခွင့်အရေးကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွင် အမျိုးသားများက ဦးဆောင်လေ့ရှိပါသည်။ အမျိုးသားများသည် လယ်ထွန်ခြင်း၊ ရေသွင်း၊ ရေထုတ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် အများအားဖြင့် ထမင်းချက်၊ ရေခပ်၊ အဝတ်လျှော်၊ ကလေးထိန်းခြင်း၊ ပေါင်းနုတ်၊ ကောက်စိုက်ခြင်းလုပ်ငန်းများလုပ်ဆောင်ကြပါသည်။အမျိုးသမီးများလုပ်အားခထက်အမျိုးသားများလုပ်အားခပို၍ ရရှိပါသည်။ သာရေးကိစ္စများတွင် အမျိုးသား၊ အမျိုးသမီးများတန်းတူဆောင်ရွက်ကြပြီး နာရေးကိစ္စရပ်များတွင် အမျိုးသားများကဦးဆောင်၍ လုပ်ကိုင်လေ့ရှိပါသည်။ ဒေသအတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။

ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၈ ခု Mini Budget အုပ်ပုံကျေးရွာအုပ်စု၊ မိတ္ထီလာကျေးရွာ၏

နှစ်အလိုက် ဦးစားပေးစီမံချက်များ

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာအဝင်လမ်း ဂျင်းခင်းခြင်း	၁	√				
၂	ကုန်ထုတ်လမ်းဖော်ထုတ်ခြင်း	၂		√			
၃	လျှပ်မီးရရှိရေး	၃			√		

၄	ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း	၄				√	
၅	မူလွန်ကျောင်းဆောင် အဆောက်အဦး ဆောက်လုပ်ခြင်း	၅					√

ဝက်လက်မြို့နယ်အတွင်း ၂၀၁၈ခု Mini Budget ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဦးစားပေးအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများစာရင်း

စဉ်	ကျေးရွာအမည်	စီမံကိန်းလုပ်ငန်းများ					မှတ်ချက်
		ဦးစားပေး(၁)	ဦးစားပေး(၂)	ဦးစားပေး(၃)	ဦးစားပေး(၄)	ဦးစားပေး(၅)	
၁	မိတ္ထီလာ	ကျေးရွာအဝင်လမ်းကျင်းခင်းခြင်း (၃၅၀'x၁၂' x၆'')	ကုန်ထုတ်လမ်းဖော်ထုတ်ခြင်း	လျှပ်စစ်မီးရရှိရေး	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	မူလွန်းကျောင်းဆောင်အဆောက်အဦးဆောက်လုပ်ခြင်း	

ဝက်လက်မြို့နယ် မိတ္ထီလာကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အတွက် ဦးစားပေး အမှတ်ပေးဇယား

စီမံချက်	အကဲဖြတ်အမှတ်ပေး သူ (၁)	အကဲဖြတ်အမှတ်ပေး သူ (၂)	အကဲဖြတ်အမှတ်ပေး သူ (၃)	အကဲဖြတ်အမှတ်ပေး သူ (၄)	အကဲဖြတ်အမှတ်ပေး သူ (၅)	အကဲဖြတ်အမှတ်ပေး သူ (၆)	အကဲဖြတ်အမှတ်ပေး သူ (၇)	အကဲဖြတ်အမှတ်ပေး သူ (၈)	အကဲဖြတ်အမှတ်ပေး သူ (၉)	အကဲဖြတ်အမှတ်ပေး သူ (၁၀)	စုစုပေါင်း	အဆင့်	လုပ်ငန်းအမည်
၁	၅	၈	၄	၅	၅	၅	၇	၇	၆	၆	၅၈	၄	50KV မှ 200KV ထိ လျှပ်စစ်မီးသွယ်တန်းရန်
၂	၈	၈	၆	၇	၇	၇	၉	၉	၈	၈	၇၇	၂	မူလွန်အဆင့်မှီဆောက်လုပ်ရန်
၃	၃	၃	၈	၆	၃	၃	၃	၃	၄	၄	၃၉	၇	သီးနှံစျေးကွက်ကောင်းမွန်ရေးနှင့် သီးနှံအထွက်နှုန်းမြင့်မားစေရန်
၄	၈	၈	၇	၅	၆	၆	၅	၅	၇	၈	၆၄	၃	ဆေးပေးခန်းဆောက်လုပ်ခြင်းနှင့် ဆရာ၊ဆရာမရရှိရေး
၅	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀၀	၁	ရွာတွင်းနှင့်ရွာပြင်ဂျင်းခင်းရန်
၆	၅	၅	၉	၈	၂	၂	၂	၂	၉	၅	၄၉	၅	လှေကျောင်းတူးဖော်ရန်
၇	၄	၄	၄	၃	၃	၃	၆	၆	၃	၂	၃၉	၈	ရေသွင်း/ထုတ်မြောင်းတူးရန်
၈	၂	၂	၃	၄	၅	၅	၈	၈	၁	၃	၄၂	၆	စက်မှုလက်မှုသင်တန်း

ဝက်လက်မြို့နယ် မိတ္ထီလာကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်ဌေး	ဦးသောင်းရွှေ	၅/ဝလန(နိုင်)၀၅၆၈၇၈	၄၉	ဥက္ကဋ္ဌ	၀၉-၉၅၉၆၇၆၀၉၆
၂	ဦးမျိုးဇော်	ဦးခင်မောင်မြင့်	၅/ဝလန(နိုင်)၀၉၇၀၁၅	၄၀	အတွင်းရေးမှူး	၀၉-၄၀၀၄၃၉၃၃၇
၃	ဦးစိုးနိုင်	ဦးအုံးမောင်	၅/ဝလန(နိုင်)၀၅၇၂၀၄	၅၃	ဘဏ္ဍာရေးမှူး	
၄	ဦးမျိုးမြင့်ဇော်	ဦးကျင်ရွှေ	၅/ဝလန(နိုင်)၁၂၂၃၆၇	၂၉	စာရင်းကိုင်	၀၉-၇၆၈၀၀၃၉၈၈
၅	ဒေါ်ကြူကြူသင်း	ဦးမှတ်တင်	၅/ဝလန(နိုင်)၀၉၇၀၁၂	၃၈	သော့ကိုင်(၁)	
၆	ဦးအောင်ဆန်းဦး	ဦးကျော်သန်း	၅/ဝလန(နိုင်)၁၂၁၄၄၅	၂၈	သော့ကိုင်(၂)	၀၉-၇၇၃၂၃၄၆၄၂
၇	ဒေါ်ခင်စန်းရှင်	ဦးစိန်လှ	၅/ဝလန(နိုင်)၀၆၅၀၀၆	၄၆	အဖွဲ့ဝင်	
၈	ဦးသန်းကျော်ထွန်း	ဦးသောင်းငွေ	၅/ဝလန(နိုင်)၁၂၁၄၅၉	၃၄	အဖွဲ့ဝင်	
၉	ဦးလှမိုး	ဦးစိန်မောင်	၅/ဝလန(နိုင်)၀၅၇၀၂၂	၄၁	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၆	၉
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၅	၁၉	၄၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၂	၃၈	၆၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၂	၃၄	၅၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၂၈	၃၆၉	၆၉၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၉	၃၈	၆၇
စုစုပေါင်း		**၄၂၉**	**၅၀၄**	**၉၃၃**
စုစုပေါင်း အိမ်ထောင်စု				၂၃၇

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။တစ်အိမ်ထောင်စုစာရင်းကောက်ယူမှုအရ ကျား(၄၂၉)၊ မ(၅၀၄)၊ ပေါင်း(၉၃၃)ယောက်၊ စုစုပေါင်း အိမ်ထောင်စုမှာ(၂၃၉)အိမ်ထောင်စုဖြစ်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၇၆၂.၀၀	သင့်	ရ	
ယာမြေ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၇၆၂.၀၀			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်မှာ ကာဘိုးဆည်ရေသောက်ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။တစ်အိမ်ထောင်စု ကောက်ယူမှု မြေဧကမှာ (၇၆၂.၀၀)ဧက ဖြစ်ပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	-	-
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	သဲရရှိမှုနည်း	
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)		
ပျမ်းမျအပူချိန် -	ပျမ်းမျ မိုးရေချိန် - (၄၀-၅၀)	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျွန်တော်ကျေးရွာသည် သဲအနည်းအကျဉ်း ရရှိပါသည်။ ပျမ်းမျမိုးရေချိန်မှာ (၄၀-၅၀)ရရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	ကျောင်း ကော်မတီ	၁☐ ၂☐ ၃☐	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	စွမ်းဆောင်ရည်သင့်တင့်ပါသည်။ လူအင်အား(၉)ယောက်
၂	ဖြူစင် စေတနာ	၁☐ ၂☐ ၃☑	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	စွမ်းဆောင်ရည်မြင့်မားပါသည်။ (၃)နှစ်တာဆောင်ရွက်လျက်ရှိပါ သည်။ လူအင်အား(၂၂)ယောက်ရှိ ပါသည်။
၃	ဂေါပက	၁☐ ၂☐ ၃☑	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑	စိတ်ပါလက်ပါလုပ်ဆောင်လျက် ရှိပါသည်။

စဉ်	အဖွဲ့.အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့.အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
			စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၄		၁☐ ၂☐ ၃☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၅		၁☐ ၂☐ ၃☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၆		၁☐ ၂☐ ၃☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၇		၁☐ ၂☐ ၃☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့. စသည့်။

(၂) လူမှုရေးအဖွဲ့. - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။လူမှု့ကူညီရေးကား ဝင်ထွက်ရန် လမ်းပန်းဆက်သွယ်မှု မကောင်းခြင်း။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း

	အဆင့်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀	၆၃	၃၇	၁၂၇
အိမ်အခြေအနေ	တိုက်၊ နံကပ်	ကပ်ကာ၊သွပ်မိုး	ကပ်ကာ၊ သက်ကယ်မိုး	ကပ်ကာ၊ သက်ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	လက်တွန်း ထွန်စက်၊ ထောလာကျီ	လက်တွန်း ထွန်စက်	-	-
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး	ကျပန်း
အိမ်ထောင်စု	၂၀	၆၃	၃၇	၁၂၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။တစ်အိမ်ထောင်စုကောက်ယူမှုအရ ပြေလည်သော အိမ်ထောင်စုနည်းပါး၍ အလွန်မပြေလည်သော အိမ်ထောင်စုများခြင်း။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂၇	၅၃%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၃၇	၁၅%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၆၃	၂၇%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)			အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၂၀	၅%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။.....

.....

.....

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၇၆၂		၅၀	၈၀	၆၅	သင့်
ပဲတီ	၇၆၂		၈	၂၀	၁၀	သင့်
နှမ်း	၇၆၂		၇	၁၃	၁၀	နည်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။.....

.....

.....

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား		၂၁
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		၂၁
လား		
ဆိတ်		
သိုး		
ဝက်		၃
ကြက်		၃၉၆

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဘဲ		၂၅
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မွေးမြူရေးနည်းပါးခြင်း။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး	၁			လတ်
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၂			လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	၁			လတ်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	-			နိမ့်
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	-			နိမ့်
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း	-			နိမ့်
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	၁			နိမ့်
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)	-			နိမ့်

၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	-			နိမ့်
၁၂	ပညာရေး	၂	၂		လတ်
၁၃	ကျန်းမာရေး	-	-		နိမ့်
၁၄	လူမှုရေး လုပ်ငန်းများ	၅	၅		မြင့်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	-	-		နိမ့်
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။.....

.....

.....

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) စျေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ စျေးကွက်လက်လှမ်းမီမှု အခြေအနေ

စျေးကွက်လက်လှမ်းမီမှု	**အနီးဆုံးစျေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)**	**အကြီးစားစျေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)**
စျေးအမည် (မြို့/ ရွာ)		
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☑ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☑ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကုန်စည်နှင့်ဝန်ဆောင်မှု၊ စျေးကွက်လမ်းလှမ်းမီမှုအခြေအနေမှာ (၅)မိုင်မှ(၁၀) မိုင်တွင်းမှာရှိတဲ့ အနီးဆုံးရွေဘိုမြို့သို့ သွားရပါသည်။ ကျွန်တော်ရွာသည် ဝက်လက်မြို့နယ် ရွေဘိုခရိုင်၊ မိတ္ထီလာကျေးရွာဖြစ်ပါသည်။ အကြီးစားစျေးကွက်မှာ မန္တလေးမြို့ဖြစ်ပါသည်။ မိုင်အကွာအဝေးမှာ မိုင်(၃၀)မှ မိုင်(၅၀)တွင်းရှိပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☑ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☑	ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☑ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☑	ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☑ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☑	ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။လမ်းပန်းဆက်သွယ်မှု မကောင်းခြင်း၊ ချောချောမွေ့မွေ့ အချိန်မှီ မရောက်ရှိနိုင်ခြင်း။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။.....

.....

.....

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၅၂	၁၅၃		၂၄	၇		၃

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။မွေးမြူရေးနည်းပါးသဖြင့် နွားလှည်းရှားပါးခြင်း။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၁၇
ဆိုလာစနစ်	၄၀
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	၂
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လျှပ်စစ်မီးသုံးစွဲမှုမှာ အသင့်တင့်ရှိပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၁၉၁	၁၇	၁၀၀

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ဆက်သွယ်ရေးနှင့် သတင်းအချက်လက်ဆိုင်ရာများမှာ အသင့်အတင့်ရှိပါ သည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၂၈	၄၃	၇၁
အလယ်တန်း	၁၂	၂၅	၃၇
အထက်တန်း	၂၀	၁၂	၃၂
တက္ကသိုလ်/ကောလိပ်	၁၂	၁၄	၂၆

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ကျောင်းတတ်နှုန်း အသင့်အတင့်ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☑ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☑ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☑ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☑ ၁၅ မိုင် မှ ၂၀ မိုင် ☑ ၂၀ မိုင် အထက် ☑	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☑ ၁၅ မိုင် မှ ၂၀ မိုင် ☑ ၂၀ မိုင် အထက် ☑	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☑ ၁၅ မိုင် မှ ၂၀ မိုင် ☑ ၂၀ မိုင် အထက် ☑
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☐ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☑	ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☑	ခြေလျင် ☐ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☑
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၃၈၀' x၂၅၀' - ၉၅၀၀		
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☐ ညံ့☑	ကောင်း☐ သင့်☑ ညံ့☐	ကောင်း☐ သင့်☐ ညံ့☑
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐	ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐	ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☑ တိုက်ကျွေးမှု မရှိပါ ☐	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐	တိုက်ကျွေးမှုရှိသည်☑ တိုက်ကျွေးမှု မရှိပါ ☐

ဉ။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်		၅	၅						
ကျေးရွာခန့်		၃	၃						

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျောင်းစတုရန်းပေမှာ ၃၈၀' x ၂၅၀' = ၉၅၀၀'

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

စဉ်	*ရောဂါ*	*ပို့နှုန်းမှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောက	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၂	သွေးလွန်တုပ်ကွေး	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၃	ငှက်ဖျား	*မြင့်*☐	*နိမ့်*☐	*မရှိ*☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*☐	*နိမ့်*☐	*မရှိ*☐
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*☐	*နိမ့်*☐	*မရှိ*☐
၆	တီဘီ	*မြင့်*☐	*နိမ့်*☐	*မရှိ*☐
၇	ဆီးချို	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၈	သွေးတိုး	*မြင့်*☐	*နိမ့်*☐	*မရှိ*☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်*☐	*နိမ့်*☐	*မရှိ*☐
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်*☐	*နိမ့်*☑	*မရှိ*☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ အသင့်တင့် ရှိခြင်း။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	*ရှိ*	*မရှိ*
၁	အဆုတ်ရောဂါ	✓	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	✓	
၇	အာဟာရ မှတ်တမ်းယူမှု (အရုပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✓	
၈	အာဟာရ ပညာပေး အစီအစဉ်		

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။လွန်ခဲ့သော (၁၂)လတွင်း ကာကွယ်ဆေးထိုးနှံမှုများ ပြုလုပ်ပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☑ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☑
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☑ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☑ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☑ ၁၀ မိုင်အထက် ☐	ရှိ ☑ မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျန်းမာရေးထောက်ပံ့မှု အသင့်အတင့်ရှိပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၅	ကောင်း☐ သင့်☑ ညံ့☐	လုံလောက်မှုရှိ
အဝီစိတွင်း/ စက်တပ်	၃၂	ကောင်း☐ သင့်☑ ညံ့☐	လုံလောက်မှုရှိ
အဝီစိတွင်း/ တုံကင်	၁၂၈	ကောင်း☐ သင့်☑ ညံ့☐	လုံလောက်မှုရှိ
မိုးရေ	၂	ကောင်း☐ သင့်☑ ညံ့☐	လုံလောက်မှုရှိ

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
သိုလှောင်ကန်			
မြစ်/ချောင်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	လုံလောက်မှုရှိ
ရေကန်	၂	ကောင်း☐ သင့်☑ ညံ့☐	လုံလောက်မှုရှိ
စိမ့်စမ်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	လုံလောက်မှုရှိ

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကောက်ယူမှုစာရင်းမှာ ရေလုံလောက်ပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၁
ရေလောင်း/ယင်လုံအိမ်သာ	၁၅၈
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။အိမ်သာအခြေအနေမှာ ရေဆွဲ(၁)လုံးရှိပြီး ရေလောင်း/အိမ်သာ(၁၅၈)လုံးရှိ ပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	သင့်တင့်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	ရေကြီးရေလျှံတစ်ခါတစ်ရံဖြစ်ပေါ်
၃	ရေကြီးခြင်း	ရှိ၊ တစ်ခါတစ်ရံ
၄	မိုးခေါင်ခြင်း	
၅	အအေးလွန်ကဲခြင်း	
၆	မုန်တိုင်း	
၇	ငလျင်	
၈	မီးဘေး	
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁၂	ငှက်ဖျားရောဂါ	
၁၃	တီဘီရောဂါ	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	လမ်းပန်းဆက်သွယ်ရေးမှာ မြေသားလမ်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းပါသည်။ ဝေးလံပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရာသီဥတုအခြေအနေသင့်တင့်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး မကောင်းပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	မြေဆီမြေသြဇာမှသီးထပ်များစိုက်ပျိုးခြင်းကြောင့်
အပင်မျိုးစိတ်များ	နိမ့်	ရှားပါးပါသည်
ရေအရင်းအမြစ်	နိမ့်	သန့်ရှင်းပါသည်
ငါးမျိုးကွဲများ	မြင့်	ငါးဖမ်းခြင်းများခြင်း
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	ဖမ်းယူစားသောက်ခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် အခြေအနေမှာ သင့်တင့်ရှိပါ သည်။

(၁၀ ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

စဉ်	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* ☑	*မရှိ* ☐

စဉ်	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* ☑	*မရှိ* ☐

ရင်းမြစ် (၁) **အဖွဲ့အစည်းများစာရင်း၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျား၊ မ ရေးရာ သင့်တင့်ရှိပါသည်။